# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 24, 2019 Volume 26, Number 17


**၂၄.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၀/-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၀/- ကျပ် |
| CBM Rate | = ၁၄၉၃.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၅၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၁.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၅.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၁၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၉၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၅၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာမတ်ပဲ တန်ချိန် ၄ သိန်း အိန္ဒိယနိုင်ငံဝယ်ယူသွားမည်

မြန်မာ့မတ်ပဲကို အဓိကဝယ်ယူနေတဲ့ အိန္ဒိယနိုင်ငံက သူ့နိုင်ငံမှာ မိုးတွင်းကာလ ပဲစိုက်ခင်းတွေ ပျက်စီးခဲ့တဲ့အတွက်ပြည်ပက မတ်ပဲတွေတိုးမြှင့်ဝယ်ယူမယ်လို့ ကြေညာလိုက်တာကို မြန်မာနိုင်ငံက ပဲကုန်သည်တွေက ကြိုဆိုလိုက်ပါတယ်။ ဒီနှစ်အတွက် မတ်ပဲတန်ချိန် ၄ သိန်း ဝယ်ယူဖို့ရှိသလို၊ နောက်လာမယ့်နှစ်တွေမှာလည်း ဒီပမာဏအတိုင်းဝယ်ယူစေဖို့ အိန္ဒိယအစိုးရနဲ့ ဆွေးနွေးသွားမယ်လို့လည်းပြောပါတယ်။ ဒီအကြောင်းအပြည့်အစုံကို ဗွီအိုအေမြန်မာပိုင်းသတင်းထောက် ကိုဇော်ထက်က ပြောပြပေးမှာပါ။

အခုနှစ်ထဲ ပြည်ပကနေ မတ်ပဲတန်ချိန် ၁ သိန်းခွဲပဲဝယ်မယ်လို့ အိန္ဒိယအစိုးရက ဆုံးဖြတ်ခဲ့ပေမဲ့ ပြီးခဲ့တဲ့မိုးတွင်းမှာ ကောက်ပဲသီးနှံတွေပျက်စီးခဲ့တာကြောင့် နောက်ထပ်တန်ချိန် ၂ သိန်းခွဲထပ်ဝယ်ယူမှာဖြစ်ကြောင်း၊ ဒီဇင်ဘာလ ၁၉ရက် နေ့ကပဲ ကြေညာခဲ့တာပါ။ ဒေသတွင်းနိုင်ငံတွေမှာ မြန်မာကမတ်ပဲကို အများဆုံးစိုက်ပျိုး၊ တင်ပို့နေတာဖြစ်လို့ ဒီကြေညာချက်ဟာ မြန်မာနိုင်ငံအပေါ် အဓိကသက်ရောက်မှုရှိကြောင်း အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ မြန်မာသံရုံးက စီးပွားရေးသံမှူး ဦးနေအေးလွင်က ဗွီအိုအေကို အခုလိုပြောပါတယ်။

“အခု ဒီနှစ်တိုးပေးလိုက်တဲ့ဟာကတော့ မတ်ပဲ ( တန်ချိန်) ၂သိန်းခွဲဆိုတာက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထဲမှာ ထပ်ပြီးတိုးပေးဖို့ amount ပေ့ါ။ အဓိကတော့ အိန္ဒိယမှာ အစိုးရက ကိုတာ ( ခွဲတမ်း) ကို သတ်မှတ်တယ်ဆိုတာကလည်း သူတို့ရဲ့ supply and demand ပေ့ါ၊ အဓိကတော့ဈေးနှုန်းပေ့ါ။ ပဲက သူတို့ရဲ့ အဓိကစားသုံးကုန်စည် ဖြစ်တဲ့အတွက် ဈေးနှုန်းကိုသူတို့ကထိန်းချင်တယ်။ သူတို့ပြည်တွင်းမှာလည်း လယ်သမားကို မထိခိုက်အောင် ထိန်းချင်တာဖြစ်တဲ့အတွက် သူက ကိုတာစနစ်ကို ကျင့်သုံးနေတာဖြစ်တယ်ပေ့ါ။ ဒီနှစ်က ပဲကအထွက်အတော်လေးကျမယ့် အနေအထားရှိတယ်၊ မတ်ပဲပေ့ါနော်။ ကုန်သည်တွေကတော့ ခန့်မှန်းထားတာကတော့ ၂၀% လောက်ပျက်တယ်လို့ ခန့်မှန်းတယ်” ။ အရင်က အိန္ဒိယကို မြန်မာဘက်က ပဲမျိုးစုံအကန့်အသတ်မရှိ တင်ပို့ခဲ့ပေမဲ့ အိန္ဒိယက သူ့ပြည်တွင်းစားသုံးမှုအတွက် လုံလောက်တဲ့ပဲပမာဏကို ထုတ်နိုင်ပြီလို့ဆိုပြီး ပြည်ပနိုင်ငံတွေကနေ ခွဲတမ်းနဲ့ဝယ်ယူဖို့၂၀၁၇ စက်တင်ဘာမှာ ဆုံးဖြတ်လိုက်တာပါ။ မြန်မာကတော့ မတ်ပဲပြည်ပရောင်းချရေးမှာ အိန္ဒိယကို အဓိကမှီခိုနေရတာဖြစ်ပါတယ်။ အခုလာမယ့် ၂၀၂၀-၂၀၂၁ မှာလည်း မတ်ပဲအပြင် ပဲစင်းငုံခွဲတမ်း တန်ချိန် ၄ သိန်းစီထပ်ရဖို့ အိန္ဒိယအစိုးရနဲ့ ညှိနှိုင်းဖို့စီစဉ်နေတယ်လို့ မြန်မာနိုင်ငံပဲကုန်သည်အသင်းဥက္ကဋ္ဌ ဦးထွန်းလွင်က ဗွီအိုအေကိုပြောပါတယ်။ “ အဲဒီလို ကိုတာ (ခွဲတမ်း) တွေပဲ တောက်လျှောက် ပေးခဲ့တာလေ။ ဒီနှစ်က သူတို့ လိုအပ်ချက်ရှိလို့ဆိုပြီး တိုးပေးလိုက်တော့။ ( ပဲကုန်သည်) အသင်းဘက်ကရော၊ စီးပွားကူးသန်းဘက်ကရော

အိန္ဒိယအစိုးရဘက်ကို ဒါနဲ့ပတ်သက်ပြီး လာမယ့် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်အတွက်ကိုလည်း ကိုတာကို တန်၄သိန်း မတ်ပဲရော၊ ပဲစင်းငုံရော လေးသိန်းစီ ကိုတာကိုချပေးဖို့ဆိုပြီးတော့ စာနဲ့တင်မေတ္တာရပ်ခံဖို့ ဟိုရက်ကအစည်းအဝေးမှာတော့ ညှိနှိုင်းထားပြီးသွားပြီလေ။”

ပြည်တွင်းမှာ မတ်ပဲလက်ကျန် နည်းနေပေမယ့် အခုအိန္ဒိယက ဝယ်ယူချင်တဲ့ တန်ချိန် ၂သိန်းခွဲအတွက်တော့အသစ်ပေါ်မယ့် မတ်ပဲနဲ့ အလျင်မှီနိုင်သလို ဈေးကောင်းလည်း ရနိုင်မယ်လို့ကုန်သည်တွေက ခန့်မှန်းနေတာပါ။တချိန်က ဧရာဝတီတိုင်းနဲ့ ပဲခူးတိုင်းမှာ မတ်ပဲ အစိုက်များခဲ့ပေမဲ့ အိန္ဒိယဘက်က အဝယ်မလိုက်တာကြောင့် အခုနောက်ပိုင်းမှာ တရုတ်ဈေးကွက်ကို တင်နိုင်တဲ့ ပဲတီစိမ်းကို ပြောင်းလဲစိုက်ပျိုးလာကြတယ်လို့ ရန်ကုန်တိုင်း၊ ခရမ်းသုံးခွမြို့နယ် "မီးပွား" ပဲကုန်စည်ဒိုင်က ဦးထွန်းထွန်းဝင်းကပြောပါတယ်။ “ အိန္ဒိယအပေါ်ကို မှီခိုဖို့တော့များတယ် ဒီမတ်ပဲကတော့။ ကျနော်တို့ ပဲတီစိမ်းကတော့ တရုတ်ကို သွားမှီခိုရတာလေ။ အရင်တုန်းက အီးယူ၊ ဂျပန်၊ ကိုရီးယား ဘက်ကို ကျနော်တို့ ပို့နေတာလေ ပဲတီစိမ်းကျတော့၊ အခု တရုတ်ဘက်က အဝယ်များတော့ တရုတ်ဘက်ကို ပြန်မှီလာတာလည်းပါတယ်။ မတ်ပဲကတော့ အိန္ဒိတစ်လက်ပဲဗျ။ လွန်ခဲ့တဲ့ ၃ နှစ်လောက်က ကျနော် မတ်ပဲစိုက်တာလေ ခရမ်းမှာ။ အောင်မြင်တယ် ဒါပေမဲ့ ဈေးကွက်ရရှိမှုက နည်းသွားတယ်။ အိန္ဒိယက ဝယ်မလိုလို၊ မဝယ်ဘူးလို မိုဒီရဲ့ လှည့်ကွက်လည်း ပြောသွားတာကောင်းပါတယ်။ မိုဒီ (အိန္ဒိယဝန်ကြီးချုပ်) က ကျွမ်းတယ်ဗျ၊ ပဲလောကကို။ မတ်ပဲက ဒီနောက်ပိုင်း သိပ်မစိုက်ကြတော့ ဈေးကောင်းမှာပေါ့။”

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနကတော့ ထပ်တိုးမတ်ပဲတန်ချိန် ၂သိန်းခွဲအတွက် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထားလျှောက်ထားကြဖို့ သူ့နိုင်ငံကကုန်သည်တွေကို တိုက်တွန်းထားပါတယ်။ မြန်မာပဲကုန်သည်တွေကတော့ အိန္ဒိယနဲ့တရုတ်အပြင် တခြားအလာအလာရှိတဲ့ ဈေးကွက်တွေကို ရှာဖို့ကြိုးစားနေပါတယ်။ မြန်မာက ပဲအမျိုးမျိုး တင်ပို့တာကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁ဘီလီယံရှိပြီး အိန္ဒိယရဲ့ကန့်သတ်ဝယ်ယူမှုတွေကြောင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝင်ငွေလျော့ကျသွားကြောင်း ကုန်သည်တွေကပြောပါတယ်။

**Source:** https://burmese.voanews.com/a/myanmar-india-be…/5216642.html

## ရန်ကုန်တိုင်းဒေသကြီးအတွင်း CMP စနစ်ဖြင့် ဖိနပ်၊ အိတ်၊ လက်အိတ်နှင့် အရုပ်အမျိုးမျိုး၊ ဆက်သွယ်ရေးလုပ်ငန်းသုံး FFC Cable ထုတ်လုပ်သည့် လုပ်ငန်းများကို ဟောင်ကောင်နှင့် တရုတ်ကုမ္ပဏီများက ဒေါ်လာ ၁၇ ဒသမ ၄၇ သန်းကျော်ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အတည်ပြု




ရန်ကုန်တိုင်းဒေသကြီးအတွင်း CMP စနစ်ဖြင့် ဖိနပ်၊ အိတ်၊ လက်အိတ်နှင့်အရုပ်အမျိုးမျိုး၊ ဆက်သွယ်ရေးလုပ်ငန်းသုံး FFC Cable ထုတ်လုပ်သည့်လုပ်ငန်းများကို ဟောင်ကောင်နှင့်တရုတ်ကုမ္ပဏီများက ဒေါ်လာ ၁၇ ဒသမ ၄၇ သန်းကျော်ဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အတည်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၂၀/၂၀၁၉)ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြစိမ်းရောင်စက်မှုဇုန်၊ မြေကွက်အမှတ်- A -5 မြေတိုင်းရပ်ကွက်အမှတ် ၂၁ တွင် ဟောင်ကောင်ကုမ္ပဏီ Colorado Outdoor Gear (Myanmar) Limited က ဒေါ်လာ ၁ ဒသမ ၁၆၀ သန်းရင်းနှီးမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းကိုလည်းကောင်း၊ မြေကွက်အမှတ်- ၁၀၂၊ မြေတိုင်းရပ်ကွက် အမှတ်စက်မှုဇုန်အပိုင်း-၄ တွင် တရုတ်ကုမ္ပဏီ Sunny Arts & Crafts Company Limited က ဒေါ်လာ ၁ ဒသမ ၂၀၀ သန်း ရင်းနှီးမြှုပ်နှံကာ CMP စနစ်ဖြင့် အရုပ်အမျိုးမျိုး ထုတ်လုပ်ခြင်းကိုလည်းကောင်း လုပ်ကိုင်မည်ဖြစ်သည်။

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် မြေကွက် အမှတ်-၂၅၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၂၊ စက်မှုဇုန်တွင် တရုတ်ကုမ္ပဏီ Vogue (Myanmar) Industry Limited က ဒေါ်လာ သုည ဒသမ ၇၈၉ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းကိုလည်းကောင်း၊ မြေကွက်အမှတ်-၄၂ တွင် တရုတ်ကုမ္ပဏီ Hongho Telecommunication (Myanmar) Co., Ltd က ဒေါ်လာ ၂ ဒသမ ၅ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး FFC Cable အမျိုးမျိုး ထုတ်လုပ်ခြင်းကိုလည်းကောင်း လုပ်ကိုင်မည်ဖြစ်သည်။ ဝါးတစ်ရာစက်မှုဇုန်အတွင်း တရုတ်ကုမ္ပဏီ Jia Xin (Myanmar) Garment Company Limited က ဒေါ်လာ ၃ ဒသမ ၅ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးကို လည်းကောင်း၊ သာခုကန်စက်မှုဇုန်တွင် တရုတ်ကုမ္ပဏီ Sunlong (Myanmar) Sports Company Limited က ဒေါ်လာ ၁ ဒသမ ၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းကိုလည်းကောင်း၊ ဝါးတစ်ရာစက်မှုဇုန်အတွင်း ဟောင်ကောင်ကုမ္ပဏီ Poushing Co., Ltd က ဒေါ်လာတစ်သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းကို လည်းကောင်းလုပ်ကိုင်မည်ဖြစ်သည်။

လှိုင်သာယာမြို့နယ်အတွင်း တရုတ်ကုမ္ပဏီ Myanmar Myanbag Industrial Company Limited က ဒေါ်လာ သုည ဒသမ ၈၇၆ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် အိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းကိုလည်းကောင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အတွင်း တရုတ်ကုမ္ပဏီ Dehong Technology (Myanmar) Company Limited က ဒေါ်လာသုံးသန်းမြှုပ်နှံကာ CMP စနစ်ဖြင့် ဆက်သွယ်ရေးလုပ်ငန်းသုံး Signal Cable အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်း စက်မှုမြို့အတွင်း ဟောင်ကောင်ကုမ္ပဏီ Ka Hung (Myanmar) Leather Glove Company Limited က ဒေါ်လာ ၁ ဒသမ ၂ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် လက်အိတ်အမျိုးမျိုး ချုပ်လုပ်ခြင်းကိုလည်းကောင်း၊ ဝါးတစ်ရာစက်မှုဇုန်အတွင်း ဟောင်ကောင်ကုမ္ပဏီ Myanmar Zhengxin Footwear Company Limited က ဒေါ်လာ ၁ ဒသမ ဝ၅ဝ သန်းမြှုပ်နှံကာ CMP စနစ်ဖြင့် ဖိနပ်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းကိုလုပ်ကိုင်ရန် အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါအတည်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်း ၇၃၂၉ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရသည်။

**Source:** https://news-eleven.com/article/150792

## ကျောက်မျက်ပြပွဲများကျင်းပကာ ကျောက်စိမ်းရောင်းချခဲ့မှုကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာသန်း ၄၂ဝ ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၄၁၉ သန်းပိုမိုရရှိ



ကျောက်မျက်ပြပွဲများကျင်းပကာ ကျောက်စိမ်းရောင်းချခဲ့မှုများကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ပြည်ပသို့ ကျောက်စိမ်းတင်ပို့မှုမှ ဒေါ်လာသန်း ၄၂ဝ ရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ ၄၁၉ သန်းခန့်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က The Daily Eleven သတင်းစာသို့ ပြောကြားသည်။

၂ဝ၁၉-၂ဝ၂ဝ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ နှစ်လကျော်တွင် ပြည်ပသို့ကျောက်စိမ်းတင်ပို့မှုသည် ဒေါ်လာသန်း ၄၂ဝ ရရှိသည်။ ယခင်နှစ်ကာလတူတွင်မူမှ ဒေါ်လာတစ်သန်းခန့်သာရှိသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်လကျော်တွင် ကျောက်စိမ်းတင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၄၁၉ သန်း ပိုမိုရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ကျောက်စိမ်းကတော့ အခုနှစ်မှာ ဒေါ်လာသန်း ၄၂ဝ ကာလတူကတော့ ဒေါ်လာ တစ်သန်းတောင်မပြည့်ဘူးဆိုတော့ ဒေါ်လာ ၄၁၉ သန်းလောက်ပိုတဲ့ အနေအထားရှိတယ် အဓိကတော့ ဒီနှစ်မှာက ပြပွဲလုပ်တာများလို့၊ မနှစ်က ဒီလိုအချိန်မှာ ပြပွဲမရှိဘူး ဆိုတော့နည်းတာပေါ့။ ဒီအပေါ်မှာမူတည်တာပေါ့" ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

ကျောက်စိမ်းကို ပြပွဲများပြုလုပ်ပြီး ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းပြပွဲများ ပြုလုပ်မှုများသည့် ကာလများတွင် ပြည်ပသို့ ကျောက်စိမ်းပိုမိုတင်ပို့နိုင်ပြီး ကျောက်စိမ်းပြပွဲများပြုလုပ်မှုနည်းသည့် ကာလများတွင် ကျောက်စိမ်းတင်ပို့မှု လျော့ကျနိုင်ကြောင်းသိရသည်။ "အဓိက ကျောက်စိမ်းကတော့ ပြပွဲတွေနဲ့ဆိုင်တာပေါ့။ ပြပွဲလုပ်ပြီးရောင်းတာဆိုတော့ ပြပွဲများများလုပ်လေ တင်ပို့မှုပိုလာလေ၊ ပြပွဲလုပ်တာနည်းရင်လျော့တာပေါ့" ဟု လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားထားသည်။ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချမည့် ကျောက်စိမ်းအရိုင်းထည်များကို အထူးကုန်စည်ခွန် ၁၅ ရာခိုင်နှုန်း၊ စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များကို ၁၀ ရာခိုင်နှုန်း အခွန်ကောက်ခံမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ သိရသည်။ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာအချောထည်များကို အထူးကုန်စည်ခွန် ၄ ရာခိုင်နှုန်းကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချရမည့် ကျောက်မျက်ရတနာများ ရောင်းရငွေအပေါ် ကျသင့်အထူးကုန်စည်ခွန်ကို ၂၀၁၈-၂၀၁၉ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။ အရောင်းပြေစာစာအုပ် Cash Memo ဖြင့် ရောင်းချရာတွင် ငွေသားလက်ခံခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်ပေးသော အရောင်းပြေစာစာအုပ် Cash Memo ဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရာတွင် ငွေသားလက်ခံခြင်းအတွက် ငွေသားဖြစ်ပါက မြန်မာကျပ်ငွေဖြင့်သာ လက်ခံဆောင်ရွက်ရမည်၊ အရောင်းပြေစာစာအုပ် Cash Memo ပါ စာအုပ်တိုင်းတွင် နောက်ဆက်တွဲ(က)ပါ ပုံစံအတိုင်း တံဆိပ်တုံးရိုက်၍ အချက်အလက်ပြည့်စုံစွာဖော်ပြရမည်။

နိုင်ငံခြားငွေဖြင့် ရောင်းချပါက ပြည်ပရှိ ဘဏ်များမှ ထုတ်ဝေသည့် Visa, Master, JCB, CUP အစရှိသည့် Debit/ Credit Card တို့ဖြင့်သာ လက်ခံဆောင်ရွက်ရမည်၊ ဝယ်ယူသူ၏အမည်၊ Passport နံပါတ်နှင့် ငွေသားအသုံးပြု ကတ်နံပါတ်တို့ကို သိသာထင်ရှားစွာ ဖြည့်သွင်းဆောင်ရွက်ရမည်၊ လက်ခံရောင်းချသည့် ကတ်အမျိုးအစား Visa, Master, JCB, CUP ကို နောက်ဆက်တွဲ(ခ)ပါ ပုံစံအတိုင်း ရှင်းလင်းစွာဖော်ပြရမည်၊ အဆိုပါလုပ်ငန်းစဉ်များအပြင် အခါအားလျော်စွာထုတ်ပြန်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စက်တင်ဘာ ၁၆ မှ ၂၅ ရက် အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့သည်။

**Source:** https://news-eleven.com/article/150787

## အအေးပိုသည့် ချင်းတောင်ဆောင်းရာသီတွင် ဘေထုပ်အနွေးထည်များရောင်းအားကောင်း



ချင်းပြည်နယ်တွင် ဒီဇင်ဘာ တတိယပတ်မှအစပြု၍ အအေးပိုလျက်ရှိနေရာ ချင်းပြည်နယ် မြို့တော် ဟားခါးမြို့ပေါ်တွင် ဆိုင်ဖွင့်ရောင်းချနေသည့် ဘေထုပ်ဈေးသည်များ ယခင်နှစ်များကထက် အရောင်းအဝယ်ကောင်းနေကြောင်း ဟားခါးမြို့ ဗိုလ်ချုပ်လမ်းမပေါ်တွင် ဆိုင်ဖွင့်ရောင်းချနေသည် ဘေထုပ်ထည်ရောင်းသူ မကျောင်လွန်းညောင်ကပြောသည်။ ချင်းပြည်နယ် မြို့ကြီးများတွင် အရောင်းအဝယ်ဖြစ်နေသော ဘေထုပ်ထည်များကို ကလေးမြို့ တာဟန် ဈေးဘေထုပ်ထည်ရောင်းဝယ်ရေးများမှလည်းကောင်း မန္တလေး၊ ပြည်မြို့ကြီးများမှလည်းကောင်း သွားရောက်ဝယ်ယူရောင်းချခြင်းဖြစ်ကြောင်းသိရသည်။ ယခုရက်ပိုင်း ဘေထုပ်ထည်ဈေးကွက်တွင် ဘေထုပ်အထည် အမျိုးအစားပေါ်မူတည်၍ ဘေထုပ် တစ်ထုပ်လျှင် အနိမ့်ဆုံးကျပ်ငွေ ၄ သိန်းမှ ကျပ်ငွေသိန်း ၃၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ''ဘေထုပ်တွေကတော့ အမျိုးမျိုးဘဲ ဂျင်းထည်၊ ဂျာကင်ထည်၊ ဘောင်းဘီအထူ၊ အပါး၊ သက္ကလပ်၊ ကုတ်၊ လောင်းကုတ် စသဖြင့်ပေါ့။ သူ့အမျိုးအစား

အလိုက်လာတယ်။ ဈေးလည်း အမျိုးမျိုးဘဲ၊ သုံးသိန်း၊ ခြောက်သိန်း၊ ဆယ်သိန်းစိတ်ကြိုက် ဝယ်လို့ရတယ်။ ပါကင်တစ်ထုပ်ကို အနွေးထည် ၂၀၀ ၃၀၀ အထိပါတယ်။ ပြန်ရောင်းတော့ ၂၀၀၀၊ ၃၀၀၀ ကနေ၊ ၅၀၀၀၊ ၁၀၀၀၀ ရောင်းတယ်။ အနွေးတည် ရာသီမှာ အအေးပိုနေရင် အရောင်းအဝယ်ကောင်းတယ်''ဟု ဘေထုပ်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရိန်းငီးက ပြော သည်။

ကလေး၊ ချင်းတောင်ဒေသသည် ဆောင်းရာသီအအေးလွန်ကဲသော ဒေသများဖြစ်ရာ ဈေးနှုန်းချိုသော ဘေထုပ် အနွေးထည်များကို အခြေခံလူတန်းစားများသာမက ငွေကြေးချမ်းသာသည့် အသိုင်းအဝိုင်းများအထိ ဝယ်ယူဝတ်ဆင်ကြသည်။ ချင်းပြည်နယ်၊ ကလေးဒေသတွင် ဂျင်း၊ သက္ကလပ်၊ လောင်းကုတ်၊ ဂျာကင်၊ ပိုလီဖီးအကျီ၊ ဘောင်းဘီဘေထည်များမှာ အရောင်းအသွက်ဆုံးဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/132786.html

## ဈေးကွက်ဝင်သရက်သီးတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ပညာပေးဆွေးနွေးပွဲတွေနဲ့သင်တန်းတွေပြုလုပ်မယ်

အရည်အသွေးကောင်းမွန်ကာ ဈေးကွက်ဝင်တဲ့သရက်သီးတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ပညာပေးဆွေးနွေးပွဲတွေ နဲ့ သင်တန်းတွေကို မန္တလေးမှာကျင်းပပြုလုပ်မယ်လို့ မြန်မာ့သရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုး တက်ရေး အသင်း ကသိရပါတယ်။ သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ပူးပေါင်းပြုလုပ်မှာဖြစ်ပြီး မန္တလေးမြို့မှာလာ မယ့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလအတွင်း မှာ ပြုလုပ်သွားမှာဖြစ်ပါတယ်။ သင်တန်း အပြင် သရက်စိုက်တောင်သူတွေ အတွက် ပညာပေးဆွေးနွေးပွဲတွေလည်း ပြုလုပ်မှာဖြစ်တယ်လို့ အသင်းဥက္ကဌ ဦးကိုကိုကပြောပါတယ်။ သူက "ရန်ကုန်မှာလဲ အောက်မြန်မာပြည်က သရက်တောင်သူတွေအတွက် အခု ဒီဇင်ဘာလပထမပတ် တုန်းက လုပ်ခဲ့တယ်၊ အခုအထက်မြန်မာပြည်အတွက်လုပ်မှာပေါ့၊ သရက်စိုက်တောင်သူတွေအတွက် လိုအပ်မယ့် နည်းပညာ တွေ ဖြန့်ဝေ ပေးသွားမှာပါ"လို့ ပြောပါတယ်။

ပညာပေးဆွေးနွေးပွဲနဲ့သင်တန်းမှာ သရက်သီးမှာ ကျရောက်တတ်တဲ့ ပိုးမွှားတွေ၊ ရောဂါတွေကို ကာကွယ်နှိမ်နင်း နိုင်တဲ့နည်းလမ်းတွေ၊ မြေသြဇာကျွေးတာ၊ ရာသီဥတုပြောင်းလဲတာကြောင့် သရက်စိုက်ပျိုးထုတ်လုပ်မှုအပေါ် သက်ရောက်လာနိုင်တာတွေ၊ GAP လျှောက်ထားမှုအကြောင်းနဲ့ အသီးတင်အောင် ပြုစုစောင့်ရှောက်ရမယ့် အကြောင်းအရာ တွေကို ဆွေးနွေးပို့ချသွားမယ်လို့သိရပါတယ်။ မြန်မာ့သရက်သီးကို အဓိကဝယ်ယူနေတဲ့ တရုတ်နိုင်ငံက တရားဝင် ဝယ်ယူ တာကြောင့် မြန်မာ့သရက်သီး အရည်အသွေးကောင်းရင်ကောင်းသလို ဈေးကောင်းရနေပါတယ်။

**Source:** https://www.kumudranews.com/news-

## တရုတ်နိုင်ငံကို နယ်စပ်လမ်းကြောင်းကနေ ဆန်တန်ချိန် ၅၀၀၀၀ တရားဝင် တင်ပို့ရောင်းချဖို့ စာချုပ်ချုပ်ဆို

တရုတ်နိုင်ငံကို ဆန် တန်ချိန် ၅၀,၀၀၀ နယ်စပ်လမ်းကြောင်းကနေ တရားဝင်တင်ပို့ရောင်းချဖို့ တရုတ်ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ဆိုခဲ့တယ်လို့ မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီကသိရပါတယ်။ ဒီဇင်ဘာလ ဒုတိယ အပတ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၈) ကြိမ်မြောက် တရုတ်-မြန်မာကုန်စည်ပြပွဲမှာ တရုတ်ကုမ္ပဏီတစ်ခုနဲ့ သဘောတူ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ဆန်တင်ပို့မှုကို တရုတ်နယ်စပ်ဖြစ်တဲ့ ချင်းရွှေဟော်-လင်းချန်းလမ်းကြောင်းကနေ တင်ပို့ ရောင်းချသွားမယ်လို့ မန်နေးဂျင်းဒါရိုက်တာ ဦးစိုင်းကျော်ကပြောပါတယ်။ သူက "ဒီစာချုပ်က ဒီနှစ်ထဲမှာ ဒုတိယမြောက် တရားဝင်ဆန်တင်ပို့နိုင်တဲ့အခွင့်အရေးပါ၊ တရားဝင်လမ်းကြောင်းကနေ တဖြည်းဖြည်းချင်းအရေအတွက်များပြီး ရောင်းချနိုင်ဖို့တတ်နိုင်သလောက် ကြိုးစားနေတယ်"လို့ပြောပါတယ်။ မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအနေ နဲ့ ပြီးခဲ့တဲ့ ဇူလိုင်လ ၂၅ ရက် နေ့ကလည်း ဆန်တန်ချိန်တစ်သိန်းကို ဘာတာစနစ်(ကုန်စည်ဖလှယ်စနစ်)နဲ့ တင်ပို့ ရောင်းချဖို့ တရုတ်နိုင်ငံက ရွှေချိုက်ကုမ္ပဏီနဲ့ စာချုပ်ချုပ်ဆိုခဲ့ပါသေးတယ်။

အဲသည်လိုစာချုပ်ချုပ်ဆိုနိုင်ခဲ့ပေမဲ့ ဈေးနှိမ်တာတွေနဲ့အခြားအခက်အခဲတွေ ကြောင့် ဆန်တန်ချိန် ရ၀၀၀ ခန့် တင်ပို့ အပြီးမှာ တင်ပို့မှုရပ်ဆိုင်းထားခဲ့ပါတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုမှာ အခွန်နှုန်းက ၆၅ ရာခိုင်နှုန်းအထိရှိနေတာ

ကြောင့် မူဆယ်၊ လွယ်ဂျယ်စတဲ့နယ်စပ် လမ်းကြောင်းတွေကသာ တင်ပို့လေ့ရှိခဲ့ပေမဲ့ လက်ရှိမှာ ကျိုင်းတုံက တစ်ဆင့် လာအိုနိုင်ငံတွင်းကိုဖြတ်သန်းကာ တင်ပို့မှုတွေရှိနေပါတယ်။

**Source:** https://www.kumudranews.com/news-36507

## ဇန်နဝါရီ ၁ ရက်မှစ၍ ကုန်ပစ္စည်း ၈၅၀ ကျော်အပေါ် သွင်းကုန်ခွန်များ တရုတ်လျှော့ချမည်

အအေးခဲဂဏန်းကောင်၊ ထောပတ်သီးတို့လို စားကုန်တွေကနေစလို့ semiconductor အမျိုးအစားတစ်ချို့အထိ ကုန်ပစ္စည်းပေါင်း ၈၅၀ ကျော်တို့အပေါ် သွင်းကုန်ခွန်တွေ လျှော့ချပေးတော့မယ်လို့ တရုတ်ကကြေညာလိုက်ပါတယ်။ ယင်းသွင်းကုန်ခွန်လျှော့ချမှုကိုတော့ လာမယ့်ဇန်နဝါရီ ၁ ရက်ကနေ စတင်လုပ်ဆောင်မှာဖြစ်ပါတယ်။ ဒါဟာ အမေရိကန်နဲ့အကြား ကုန်သွယ်ရေးပဋိပက္ခစစ်ပွဲကြောင့် နိုင်ငံစီးပွားရေးနှေးကွေးနေချိန် သွင်းကုန်ပိုင်းမြှင့်တင်ဖို့ တရုတ်ဘက်က ကြိုးပမ်းလာတာဖြစ်ပါတယ်။ ခုလိုအခွန်အခပိုင်း အပြောင်းအလဲလုပ်ခြင်းကတော့ ပြည်တွင်း ဈေးကွက်မှာ ပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရတဲ့ ကုန်ပစ္စည်းတွေတင်သွင်းမှုကို မြှင့်တင်ဖို့ရည်ရွယ်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ တရုတ်နဲ့အမေရိကန်အကြား ဖြစ်ပွားနေတဲ့ကုန်သွယ်ရေးစစ်ကတော့ ယခုနောက်ပိုင်း ပြန်လည် အရှိန်လျော့ကျလာတဲ့ အလားအလာတွေမြင်နေရပြီး နှစ်ဘက်အကြား အဆင့် ၁ သဘောတူညီချက်တစ်ခုကိုလည်း မကြာခင် လက်မှတ်ထိုးသွားမယ်လို့ ကြေညာထားပါတယ်။

**Source:** https://www.channelnewsasia.com/.../china-lower-import-tariff...

SFJ Strategy First Journal

## တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် ကုန်သွယ်ရေးကိစ္စဆွေးနွေး

တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားက ခေါင်းဆောင်တွေတက်ရောက်တဲ့ သုံးနိုင်ငံထိပ်သီးအစည်းအဝေးမှာ ကုန်သွယ်ရေးမြှင့်တင်ဖို့နဲ့ လွတ်လပ်စွာကုန်သွယ်ရေးကို အားပေးထောက်ခံသွားကြဖို့ ကတိပြုခဲ့ကြပါတယ်။ ဒီဇင်ဘာ ၂၄ရက်က တရုတ်နိုင်ငံ ချန်ဒူမြို့မှာ တရုတ်ဝန်ကြီးချုပ် လီခဲ့ချိန်၊ ဂျပန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေတို့နဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းတို့ သုံးပွင့်ဆိုင်တွေ့ဆုံခဲ့ကြတာပါ။ တရုတ်ဝန်ကြီးချုပ် လီခဲ့ချိန်က တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် တည်ထောင်ဖို့ အကြံပြုပြောခဲ့ပါတယ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနဲ့ တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်တို့က တရုတ်ကျောထောက်နောက်ခံပေးထားတဲ့ ကုန်သွယ်ရေး သဘောတူညီချက်ဖြစ်တဲ့ Regional Comprehensive Economic Partnership (RCEP) ကို ထောက်ခံသွားမယ်လို့ အခိုင်အမာပြောခဲ့ကြပါတယ်။ အဲဒီအစည်းအဝေးမှာတော့ တောင်ကိုရီးယားနဲ့ ဂျပန်အကြား ကုန်သွယ်ရေး အငြင်းပွားမှုကိစ္စ အပြင် မြောက်ကိုရီးယား အရေးကိုလည်း ဆွေးနွေးနိုင်ဖွယ်ရှိတယ်လို့ ရိုက်တာသတင်းဌာနက ဖော်ပြပါတယ်။ ဒါ့အပြင် သုံးပွင့်ဆိုင် အစည်းအဝေးမတိုင်မီ မွန်ဂျေအင်နဲ့ ရှင်ဇိုအာဘေးတို့ဟာ ဒီဇင်ဘာ ၂၃ရက်က မြို့တော် ဘေဂျင်းမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့လည်း တွေ့ဆုံခဲ့ပါသေးတယ်။ အမေရိကန်နဲ့မြောက်ကိုရီးယားအကြား ဆွေးနွေးပွဲတွေဖြစ်မြောက်ရေးက ကျန်အရာတွေထက် ပိုအရေးကြီးတယ်လို့ မွန်ဂျေအင်က ရှီကျင့်ဖျင်ကိုပြောပါတယ်။

**Source: DVB TV News**

https://www.facebook.com/dootcheck.aleksander

## နှစ်သစ်ကူးပိတ်ရက် နီးလာချိန်တွင် ဒေါ်လာဈေးကျ

နှစ်သစ်ကူး အစိုးရရုံးပိတ်ရက်များ နီးကပ်လာချိန်တွင် ပြည်တွင်းငွေကြေးဈေးကွက်၌ ကန်ဒေါ်လာတန်ဖိုးကျပြီး ဒီဇင် ဘာ ၂၃ ရက် နေ့လယ်တွင် တစ် ဒေါ်လာ ၁၄၉၄ ကျပ် ဈေးဖွင့်သည်။ ပိတ်ရက်များတွင် ခရီးသွားလာသူများပြီး အရောင်းအဝယ် လုပ်ငန်းများရပ်နားမည်ဖြစ်၍ ဒေါ်လာတန်ဖိုးကျဆင်းခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံ ယာဉ်တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချ

သူများအသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းကပြောသည်။

ပြည်တွင်းဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် ဒီဇင်ဘာတတိယပတ်အထိ တစ်ဒေါ် လာ ၁,၅၀၅ ကျပ်ခန့် ဈေးရှိခဲ့သည်။ ဒေါ်လာတန်ဖိုးကျနေချိန်တွင် ဗဟိုဘဏ်က ဈေးကွက်ပေါက်ဈေးခန့်ဖြင့် ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာသုံးသန်း ဝယ်ယူကြောင်း သတင်းထုတ်ပြန်ထားသည်။ ရုံးပိတ်ရက်များနီးလာခြင်းကြောင့် ပြည်ပမှကုန်ပစ္စည်းတင်သွင်းရန် ငွေလွှဲပေးပို့မှုများ လျော့နည်းလာကြောင်း ပြင်ပငွေလဲဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။ ဒေါ်လာတန်ဖိုးကျသော်လည်း ပြည်တွင်းရွှေဈေးက သုံး ရက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၀၀ ခန့် ဈေးမြင့်တက်သည်။ ဒီဇင်ဘာ ၂၀ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ၁၁၈၁၅၀၀ ကျပ်မှ ဒီဇင်ဘာ ၂၃ ရက်တွင် ၁၁၈၂၅၀၀ ကျပ်သို့မြင့်တက်သည်။ ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် ၁၄၇၉ ဒေါ်လာမှ ၁၄၈၁ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**Source:** https://7day.news/%E1%80%94%E1%80%BE%E1%80%85%E1%80%BA%E1%80%9E%E1%80%85%E1%80

## တရုတ်နိုင်ငံဝယ်လိုအားကြောင့် ဖရဲဈေးမြင့်တက်

တရုတ်နိုင်ငံက ဝယ်လိုအားမြင့်တက်နေမှုကြောင့် ဒီဇင်ဘာဒုတိယပတ်ကစ၍ ဖရဲသီးဈေး တဖြည်းဖြည်းမြင့်တက်လာနေပြီး လက်ရှိတွင် အမြင့်ဆုံးဈေးရှိနေကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်အသင်း ဒု-ဥက္ကဋ္ဌ ဦးအောင်သက်ဦးကပြောသည်။ "မနှစ်ကလောက် ဖရဲကားတွေတက်မလာတော့ ဝယ်လိုအားဘက်က များသွားတဲ့သဘော။ ဒါပေမဲ့ ဖရဲဈေးကောင်းပြီဆိုပြီး ဝိုင်းစိုက်ရင် ဈေးပြန်ထိုးကျလာနိုင်တယ်"ဟု ဦးအောင်သက်ဦးကပြောသည်။ ပြီးခဲ့သည့် အောက်တိုဘာနှင့် နိုဝင်ဘာက ၁၂ ဘီးကားအပြည့် ဖရဲသီး ၁၆ တန်တစ်စီးလျှင် ယွမ် ၈၀၀၀ မှ ၁၀၀၀၀ ကြားအမြင့်ဆုံးရှိခဲ့ပြီး၊ ဒီဇင်ဘာနောက်ဆုံးပတ်တွင်မူ ယွမ် ၃၀၀၀၀ မှ ၄၆၀၀၀ (ကျပ်သိန်း ၆၀ မှ ၈၀) အထိ ဈေးတက်လာကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်က ထုတ်ပြန်သည်။ "ဒီဈေးနှုန်းအတိုင်း ထိန်းထားနိုင်မယ်ဆိုရင် ဖရဲစိုက်တောင်သူတွေ အကျိုးပိုဖြစ်ထွန်းနိုင်တယ်" ဟု ဖရဲ၊ သခွားအသင်း ဥက္ကဋ္ဌဦးနိုင်ဝင်းကပြောသည်။

လက်ရှိတွင် တောင်ငူ၊ မိတ္ထီလာနှင့် မန္တလေးတစ်ဝိုက်မှ တစ်ရက်လျှင် ကားအစီးရေ ၁၆၀ ဖြင့် မူဆယ်သစ်သီးဝလံဈေးကွက်သို့ ဖရဲသီးတင်ပို့နေကြောင်း ဦးအောင်သက်ဦးကပြောသည်။ ပြည်တွင်းမှ တောင်သူများအနေဖြင့် သစ်သီးဝလံဈေးကွက်တွင် တရုတ်နိုင်ငံ၏ အဓိကဝယ်လိုအားဖြစ်သော ဖရဲသီးကို အ ရည်အသွေးမီ စိုက်ပျိုးထုတ်လုပ် ရန် လိုအပ်ကြောင်း မူဆယ်သစ် သီးဝလံကုန်စည်ဒိုင်အသင်းက တိုက်တွန်းထားသည်။ တရုတ်နိုင်ငံသို့ ဖရဲသီးတင် ပို့မှုမှ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၆ ဒသမ ၈၇၄ သန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ကဒေါ်လာ ၇၇ ဒသမ ၄၆ သန်းနှင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၆၆ ဒသမ ၄၅ သန်းရရှိကြောင်း မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/%E1%80%90%E1%80%9B%E1%80%AF%E1%80%90%E1%80%BA%E1%80%94%E1%80

## အုတ်တွင်းမြို့နယ် ဖရဲစိုက်တောင်သူများ ကိုင်းဖရဲပေါ်ချိန်တွင် တစ်ကေသိန်း ၃၀ ခန့်အထိ အကျိုးအမြတ်ရရှိနေသော်လည်း ဈေးကွက်တည်ငြိမ်မှုမရှိခြင်းကြောင့် လယ်ဖရဲစိုက်ကေများ လျော့ချစိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်နံဘေး ကိုင်းမြေများတွင် စိုက်ပျိုးသော ကိုင်းဖရဲသီးများမှာ ဒီဇင်ဘာလအစောပိုင်းကတည်းက ထွက်ရှိနေရာ ဖရဲတစ်ကေလျှင် ကျပ် သိန်း ၃၀ ဝန်းကျင်အထိ အကျိုးအမြတ်ရနေကြောင်းသိရသည်။ ကိုင်းဖရဲများကိုရောင်းချကာ အကျိုးအမြတ်များရရှိသောအခြေအနေနှင့်ပတ်သက် ပြီး ခေါင်ရမ်းကျေးရွာမှ ဖရဲစိုက်တောင်သူ ဒေါ်ချစ်စိန်က "အခုကတော့ ဈေးကောင်းတာပေါ့။ နောက်ပိုင်းကျရင်တော့မသိဘူးပေါ့။ ဒီကိုင်းဖရဲမှာတော့ ဈေးကောင်းတာပေါ့။ကျွန်မတို့ဆိုရင် အရင်နှစ်ကဆို ချောင်းခင်းမှာသွားလုပ်တုန်းက ပျက်သွားတာပေါ့။ ဖရဲ ရှုံးသွားတော့ ဒီကိုရောက်လာတာ။ အခုဟာက ဈေးကောင်းတယ်။ ဒီနှစ်ပိုင်းမှ ဈေးကောင်းတာပေါ့။ မနှစ်ကတော့ ဒီလောက်ကြီးမကောင်းဘူးလေ။ ဒီနှစ်ပိုင်းကျမှကောင်းတာ၊ အခုကျတော့ပေါ့နော် တစ်ကေကို ၃၀ နှုန်းတွေဖြစ်ပြီးတော့ သုံးကေဆိုရင် ၁၀၀ကျော်တာပေါ့။အဲဒီလိုတွေရကြတယ်။ တချို့ကျတော့လည်း ၅၀ အထိရောင်းရတယ်။ အခုကတော့ အဆင်ပြေကြပါတယ်"ဟုဆိုသည်။ တောင်ငူခရိုင်တွင် ဆောင်းသီးနှံစိုက် ပျိုးချိန်၌ ကိုင်း၊ကျွန်းမြေများတွင် စိုက်ပျိုးသော

ကိုင်းဖရဲသီးနှင့် လယ်မြေများတွင် စိုက်ပျိုးသော လယ်ဖရဲသီးဟူ၍ နှစ်ကြိမ်ဆက်တိုက်စိုက်ပျိုးကြသည်။

လက်ရှိတွင် ကိုင်းဖရဲများရောင်းချနေရကာ အကျိုးအမြတ်များစွာရရှိနေကြသော်လည်း ဒုတိယအကြိမ်အဖြစ် လယ်မြေများတွင် စိုက်ပျိုးမည့်လယ်ဖရဲသီးကိုမူ သီးနှံဈေးကွက်တည်ငြိမ်မှုမရှိဖြစ်မည်ကို စိုးရိမ်သည်ဟုဆိုကာ လယ်ဖရဲ စိုက်ဧကများကို လျှော့ချစိုက်ပျိုးထားကြကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။ သီးနှံဈေးကွက် မတည်ငြိမ်မှု များကြောင့် လယ်ဖရဲစိုက်ဧကလျှော့ချစိုက်ပျိုးသည့် အခြေအနေနှင့်ပတ်သက်ပြီး "ပြီးခဲ့တဲ့နှစ်တွေတုန်းကတော့ ဒီကျွန်းချိန်ပေါ့ အခုပေါ်တဲ့အချိန်မှာကတော့ ဈေးမကောင်းဘူး။ ဒီနှစ်ကျတော့ ဈေးကောင်းတယ်။ မနှစ်ကတော့ ကျွန်တော်တို့ လယ်ထဲ အချိန်မှာတော့မဆိုးဘူးပေါ့။ တစ်ဧကကို ၃၀(သိန်း)နှုန်းလောက် အဲဒီလိုပေးဝယ်ကြတယ်။ ဒီနှစ်တော့ ကျွန်းပေါ်မှာ ဈေးကောင်းမိထားတော့ အခုလယ်ထဲအချိန်ကို နည်းနည်းစိုးရိမ်ရတာပေါ့။ အဲဒါလေးတစ်ချက်ပါပဲ။ ပြီးခဲ့တဲ့ နှစ်နှစ်လောက်က ကျွန်းပေါ်မှာ ဈေးတော်တော်ကောင်းခဲ့တယ်။ အဲဒီတုန်းက တရုတ်ငွေ(တစ်ကီလိုဈေး) ငါးကျပ် လောက်ပေါက်တယ်။ အဲဒီတုန်းက လယ်ဖရဲမှာကျတော့ ကျွန်တော်တို့ကားတွေကိုမတက်ခဲ့နဲ့လို့တောင်မှ ပွဲရုံတွေက အဲလိုမျိုးလှမ်းမှာတယ်လေ။ ကျွန်းပေါ်မှာ ကောင်းထားတော့လေ လယ်ထဲကို စိုးရိမ်ရတာပေါ့။ အဲဒါကြောင့် မို့လို့ လယ်ထဲကို ကျွန်တော်တို့မချဲ့တော့ ဘူးလေ။ မနှစ်တုန်းကဆိုရင် လယ်ဖရဲအချိန်မှာ ကျွန်တော်တို့ ခုနစ်ဧကလောက်စိုက်တယ်။ ဒီနှစ်အစောပိုင်း ဈေးကွက် ကောင်းထားတဲ့အတွက်ကြောင့် နောက်ဈေးကွက်ကို စိုးရိမ်လို့ဆိုပြီးတော့ သုံးဧကပဲစိုက်ထားတယ်"ဟု ဖရဲစိုက်တောင်သူ ကိုမြင့်ကျော်ကဆိုသည်။

ဖရဲတစ်ဧကစိုက်ပျိုးလျှင် ကျပ် ၁၀ သိန်းနှင့် ၁၅ သိန်းကြားအထိ အရင်းအနှီးကုန်ကျစရိတ်များပြားပြီး ဖရဲဈေးကွက် ကောင်းမွန်သည့်အချိန်နှင့်တိုက်ဆိုင်မည်ဆိုပါက ကျပ်သိန်းဆယ်ဂဏန်းမှ ရာဂဏန်းအထိ အကျိုးအမြတ်ဖြစ်ထွန်းကြောင်းနှင့် ဖရဲဈေးကွက်မကောင်းပါကလည်း ကျပ်သိန်းဆယ်ဂဏန်းအထိ အရှုံးစရိတ်များပြားကြောင်း၊ ထိုကဲ့သို့ ဖရဲဈေးကွက် မငြိမ်မသက်ရှိသော်လည်းဈေးကွက်ကောင်းပါက အကျိုးအမြတ်များသောကြောင့် တောင်သူများမှာ ဖရဲစိုက်စရိတ်များ အတွက် အရဲစွန့်ကာ ငွေတိုးများဖြင့်ချေးငှားပြီး စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ငွေတိုးဖြင့်ချေးငှားလုပ်ကိုင်ပြီး အကျိုးအမြတ်မဖြစ် သည့်အခါတွင် ဆင်းရဲနွမ်းပါးသော တောင်သူများအတွက် ဒုက္ခအခက်အခဲများကို ကြုံ တွေ့ရကာ ချေးငွေများပြန်ဆပ်နိုင်ရန် အတွက် ရရာအလုပ်ကိုသာ ကြိုးစားလုပ်ကိုင်နေကြရကြောင်း ဖရဲစိုက်တောင်သူများထံမှသိရသည်။

ယင်းအခြေအနေနှင့် ပတ်သက်ပြီးခေါင်ရမ်းကျေးရွာမှ တောင်သူကိုသက်က "ကျွန်တော်တို့ ဖရဲစိုက်ပြီဆိုရင် အသီးဖမ်းချိန် တစ်ချက်ပေါ့ မိုးလေဝသရော ဘာရောစိုးရိမ်ရတယ်။ အသီးဖမ်းပြီးတော့တစ်ခါ ဈေးကွက်မငြိမ်လို့ရှိရင်လည်း တစ်ခါ စိတ်ဆင်းရဲရတယ်။ ကျထားတဲ့အရင်းနဲ့ ပြန်ရမယ့်ငွေနဲ့ အဲဒီလိုမျိုးချင့်ချိန်ပြီး တော်တော်ဦးနှောက် ရှုပ်ရပါတယ်။ ဟိုးဘက် နှစ်က ကျွန်တော်တစ် ဧကထဲစိုက်တာ အရင်း ၁၅ သိန်းကုန်တယ်။ပြန်ရတော့ ၂၄ သိန်းရတယ်။ ၂၄ သိန်းဆိုတော့ အတိုးနဲ့ ဘာနဲ့ရှာပြီးလုပ်ရတာဆိုတော့ ဈေးကွက်ကလည်း မငြိမ်တော့လေ။ အဲဒါ ကိုယ့်အတွက်က ဘာမှမကျန်ဘူး။ အကုန်လုံး ၁၅ သိန်းလုံးလုံး အတိုးနဲ့ရှာရတာ။ ဈေးမကောင်းဘူးဆိုရင်တော့ ကျွန်တော်တို့ မရှိရှိတာ ရောင်းဆပ်ပေါ့။ ကျွန်တော်ဆိုရင် အဲဒီ နောက်နှစ်က သိန်း ၂၀လောက်ရပြီးတော့ရှုံးပြီးတဲ့နောက်ကို တခြားအိမ်မှာပဲ ဆက်လုပ်ပြီးတော့ အဲဒီအကြွေးတွေကို ဆပ်ရတာ၊ အခုထိမကြေသေးဘူး။ ဖရဲကြွေးတွေက ဖရဲဈေးကွက်မငြိမ်တော့လေ အဲဒီလိုအခက်အခဲလေးတွေရှိတယ်။ ရှေ့ကို ဆက်ပြီး မလုပ်ရဲအောင်ဖြစ်နေတယ်"ဟု ပြောကြားသည်။

ဖရဲတစ်ဧကစိုက်ပျိုးလျှင် ဖရဲမျိုးဖိုး၊ထွန် ယက်ခ၊ ပေါင်းဆွဲခ၊ မြေဩဇာနှင့်ဆေးဖိုးအပါအဝင် ဆွတ်ခူးရိတ်သိမ်းပြီးချိန်အထိ စုစု ပေါင်းကျပ် ၁၀ သိန်းမှ ၁၅ သိန်းဝန်းကျင်အထိကုန်ကျကြောင်း၊ ဒေသမှထွက်သော ဖရဲများအား မူဆယ်သို့တင်ပို့ပါက ကျပ် ၁၅သိန်း မှ သိန်း၂၀ ဝန်းကျင်အထိ ကားခကုန်ကျစရိတ်ရှိပြီး ကားတစ်စီးလျှင် ဖရဲသီး ၁၇ တန်အထိတင်ပို့ကြကြောင်း၊ လတ်တလောတွင် တရုတ်နှစ်သစ်ကူးချိန်နီးလာပြီဖြစ်ကာ ဝယ်လိုအားလည်းကောင်းနေပြီး တရုတ်နယ်စပ်ရှိ ဖရဲသီးဈေးကွက် မှာလည်း ကောင်းမွန်နေသောကြောင့် အုတ်တွင်းမြို့နယ်မှ ကိုင်းဖရဲစိုက်တောင်သူများ အကျိုးအမြတ်များရရှိနေကြခြင်း ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/150845

## မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်ပနိုင်ငံ ၂ခုက လာရောက်ဆွေးနွေး

မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဂျပန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံတို့က လာရောက်ဆွေးနွေးလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။ "အခုကတော့ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းမှာ ရင်းနှီးမြှုပ်နှံဖို့ လာဆွေးနွေးတာ ဖြစ်ပါတယ်။ မွေးမြူမှာက ငါးတို့၊ နို့နဲ့ နို့ထွက်ပစ္စည်းတို့ကို လုပ်ဖို့ ကျွန်တော်တို့ဆီကို လာဆွေးနွေးတာဖြစ်ပါတယ်"ဟုၙင်းက ပြောသည်။ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ မွေးမြူရေးကဏ္ဍဖြစ်သည့် ငါးမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်းများအတွက် နွားမွေးမြူရေး တို့တွင် ရင်းနှီးမြှုပ်နှံရန် ဥပဒေဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ သိလိုသည်များကို လာရောဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။ "သူတို့ လာဆွေးနွေးတာက ဘယ်လိုခံစားခွင့်တွေရမလဲ၊ သူတို့လိုအပ်တဲ့ပစ္စည်းတွေကို တင်သွင်းလို့ရမလား။ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်က ဘယ်လိုအကာအကွယ်ပေးမလဲစတဲ့ ဥပဒေဆိုင်ရာအချက်အလက်တွေကို သိချင်လို့ လာဆွေးနွေးတာ ဖြစ်ပါတယ်" ဟု ဦးသန့်စင်လွင်ကပြောသည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၅၀ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ဖိုး ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် စင်္ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား၊ United Kingdom၊ ဗီယက်နမ်၊ နယ်သာလန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘရူနိုင်း၊ ဩစတြေးလျနှင့်အီတလီနိုင်ငံစသဖြင့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားသည်။

**Source:** https://www.facebook.com/fifthwavenews/posts/568999117164150?__tn__=K-R

## တရုတ်နိုင်ငံကို နယ်စပ်လမ်းကြောင်းကနေ ဆန်တန်ချိန် ၅၀၀၀၀ တရားဝင်တင်ပို့ရောင်းချဖို့ စာချုပ်ချုပ်ဆို

တရုတ်နိုင်ငံကို ဆန်တန်ချိန် ၅၀,၀၀၀ နယ်စပ်လမ်းကြောင်းကနေ တရားဝင်တင်ပို့ရောင်းချဖို့ တရုတ်ကုမ္ပဏီ တစ်ခုနဲ့ စာချုပ်ချုပ်ဆိုခဲ့တယ်လို့ မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီကသိရပါတယ်။ ဒီဇင်ဘာလ ဒုတိယအပတ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၈) ကြိမ်မြောက် တရုတ်-မြန်မာကုန်စည်ပြပွဲမှာ တရုတ် ကုမ္ပဏီတစ်ခုနဲ့သဘောတူ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး ဆန်တင်ပို့မှုကို တရုတ်နယ်စပ်ဖြစ်တဲ့ ချင်းရွှေဟော်-လင်းချန်းလမ်း ကြောင်းကနေ တင်ပို့ရောင်းချသွားမယ်လို့ မန်နေးဂျင်းဒါရိုက်တာ ဦးစိုင်းကျော်ကပြောပါတယ်။ သူက “ဒီစာချုပ်က ဒီနှစ်ထဲမှာ ဒုတိယမြောက်တရားဝင် ဆန်တင်ပို့နိုင်တဲ့ အခွင့်အရေးပါ၊ တရားဝင်လမ်းကြောင်းကနေ တဖြည်းဖြည်းချင်းအရေအတွက် များပြီး ရောင်းချနိုင်ဖို့ တတ်နိုင်သလောက် ကြိုးစားနေတယ်”လို့ ပြောပါတယ်။

မန္တလေးဆန်စပါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအနေနဲ့ ပြီးခဲ့တဲ့ ဇူလိုင်လ ၂၅ ရက်နေ့ကလည်း ဆန်တန် ချိန် တစ်သိန်းကို ဘာတာစနစ်(ကုန်စည်ဖလှယ်စနစ်)နဲ့ တင်ပို့ရောင်းချဖို့ တရုတ်နိုင်ငံက ရွှေချိုက်ကုမ္ပဏီ နဲ့ စာချုပ်ချုပ်ဆိုခဲ့ပါသေးတယ်။ အဲသည်လိုစာချုပ်ချုပ်ဆိုနိုင်ခဲ့ပေမဲ့ ဈေးနှိမ်တာတွေနဲ့အခြားအခက်အခဲတွေကြောင့် ဆန်တန် ချိန် ၇၀၀၀ ခန့်တင်ပို့အပြီးမှာ တင်ပို့မှုရပ်ဆိုင်းထားခဲ့ပါတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုမှာ အခွန်နှုန်း က ၆၅ ရာခိုင်နှုန်းအထိရှိနေတာကြောင့် မူဆယ်၊ လွယ်ဂျယ်စတဲ့နယ်စပ်လမ်းကြောင်းတွေကသာ တင်ပို့လေ့ရှိခဲ့ ပေမဲ့ လက်ရှိမှာ ကျိုင်းတုံကတစ်ဆင့် လာအိုနိုင်ငံတွင်းကိုဖြတ်သန်းကာ တင်ပို့မှုတွေရှိနေပါတယ်။

**Source:** https://www.kumudranews.com/news-36507

## စပါးဈေးနှုန်း ငါးသိန်းသတ်မှတ်ထားသော်လည်း သုံးသိန်းကျော်ဖြင့်သာ ရောင်းချနေရဟုဆို

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ စပါးဈေးနှုန်း ကျပ်ငါးသိန်းဖြင့် ဝယ်ယူရောင်းချရန်သတ်မှတ်ကြေညာလိုက်သော်လည်း ကျပ်သုံးသိန်းကျော်ဖြင့်သာ ရောင်းချနေရကြောင်း တောင်သူ လယ်သမားများထံမှသိရသည်။ "ကျွန်တော်တို့တောင်သူတွေကငါးသိန်း အပြည့်အဝမရောင်းရပါဘူး။အနည်းဆုံး

သုံးသိန်းခုနစ်သောင်း၊ ရှစ်သောင်းနဲ့ အများဆုံး လေးသိန်းတစ်သောင်းလောက်သာ ရောင်းချနေကြရပါတယ်။ အပြည့်အဝ မရကြပါဘူး"ဟုတိုက်ကြီးမြို့နယ်မှ ဒေသခံတောင်သူတစ်ဦးကပြောဆိုသည်။

မြန်မာနိုင်ငံ တောင်သူလယ်သမားနေ့အခမ်းအနားကို တိုက်ကြီးမြို့နယ်ရွှေချိုးဖြူခန်းမ၌ ဒီဇင်ဘာ၂၂ ရက် နံနက်၉ နာရီခွဲက ပြုလုပ်ခဲ့ရာတက်ရောက်လာသည့် ဒေသခံတောင်သူများက ထိုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကျပ်ငါးသိန်းအဖြစ်ပြီးခဲ့သည့် အောက်တိုဘာ ၁၅ ရက်က၁၀/၂၀၁၉ ဖြင့် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သော်လည်း တောင်သူများအနေဖြင့်ကျပ် သုံးသိန်းကျော်ဖြင့်သာ ရောင်းချနေကြရခြင်းဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီသို့ တိုင်ကြားလာမှုများရှိနေကြောင်း၊ ထိုသို့တိုင်ကြားလာမှုများမှာ လက်ပံတန်း၊ သာယာဝတီ၊ မြောင်းမြ၊ ဟင်္သာတ၊ တိုက်ကြီးစသည့်မြို့နယ်များမှဒေသခံတောင်သူလယ်သမားများက အနည်းဆုံး ကျပ်သုံးသိန်းရှစ်သောင်းနှင့် အများဆုံးလေးသိန်းစွန်းစွန်းအထိသာ ရောင်းချနေကြရခြင်းကြောင့် တိုင်ကြားလာကြခြင်း ဖြစ်ကြောင်းနှင့်ကော်မတီအနေဖြင့်ဒေသအထိပါ ကွင်းဆင်းစစ်ဆေးမှုများလည်းပြုလုပ်ခဲ့ကြောင်းပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌဦးကျော်မြင့်ကပြောဆိုသည်။

"အနည်းဆုံး သုံးသိန်းခုနစ်သောင်းအထိ ရှိနေတဲ့အတွက်ကြောင့် ငါးသိန်းဖြစ်သင့်တယ်ဆိုပြီး အစိုးရက တောင်သူလယ်သမားအခွင့်အရေးအတွက် သတ်မှတ်ပေးခဲ့တာ။ ဒါကို အစိုးရက မဝယ်ဘဲဆန်စပါးအသင်းချုပ်ကို တာဝန်ပေးခဲ့တယ်။ ငါးသိန်းအပြည့်မရတာတွေကကျွန်တော့်ဆီ အမြဲဝင်နေတယ်။ ဒါတွေကိုကျွန်တော်က ပြန်တင်ပြပေး ရတယ်။ အနည်းဆုံး ငါးသိန်း၊ ငါးသိန်းအထက်များချင်သလောက်များ၊ နည်းလို့မရဘူးဆိုပြီး ဆန်စက်ကုန်သည်များ အသင်းကို မေတ္တာရပ်ခံပြီး ပူးပေါင်းတာဝန်ပေးခဲ့တာဖြစ်တယ်"ဟု ၎င်းကပြောဆိုသည်။ တောင်သူလယ်သမားများအနေဖြင့် အကျိုးစီးပွားကာကွယ်မြှင့်တင်ပေးရန်အတွက် အနည်းဆုံး ကျပ်ငါးသိန်းအဖြစ် သတ်မှတ်ပေးထားခြင်းဖြစ်ရာ သတ်မှတ်ဈေးနှုန်းမရပါက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဆက်သွယ်အသိပေးကာ သတင်းအချက်အလက် အတိအကျဖြင့် ဆက်သွယ်တိုင်ကြားအသိပေးမှုများ ပြုလုပ်နိုင်ကြောင်းဦးကျော်မြင့်ကပြောဆိုသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2383898781722062?__tn__=K-R

## အိန္ဒိယ ဒန့်သလွန်မျိုး စီးပွားဖြစ်စိုက်ပျိုးမှုများ



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်ရှိ ကျေးလက်တောင်သူများက ယခုအခါ အိန္ဒိယဒန့်သလွန်မျိုးများကို စီးပွားဖြစ်စိုက်ပျိုးမှုများလာကြောင်း ရေစကြိုမြို့နယ် အိန္ဒိယဒန့်သလွန် စီးပွားဖြစ်စိုက်ပျိုးနေတဲ့ တောင်သူတစ်ဦးထံမှသိရပါတယ်။ ရေစကြိုမြို့နယ်ရှိ ကျေးလက်တောင်သူများက အိန္ဒိယဒန့်သလွန်မျိုး MPK1 ဒန့်သလွန်မျိုးကို စီးပွားဖြစ် စိုက်ပျိုးလာပြီး ထွက်ရှိလာသည့် ဒန့်သလွန်သီးများကို ရန်ကုန်၊ မန္တလေးမြို့ကြီးတို့သို့ ပွဲစားများမှ တစ်ဆင့် ရောင်းချခြင်း၊ စိုက်ပျိုးသည့် တောင်သူများကိုယ်တိုင် သွားရောက်ရောင်းချခြင်းဖြင့် ဒန့်သလွန် ဈေးကွက်ရှိနေပြီ ဖြစ်ကြောင်းသိရပါတယ်။

ဒန့်သလွန်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အိန္ဒိယဒန့်သလွန်မျိုး အစေ့တစ်စေ့လျှင် ငွေကျပ် ၁၀၀ ပေးဝယ် ရပြီး ပျိုးထောင်စိုက်ပျိုးကြောင်း၊ ပျိုးထောင်ချိန် ၁၅ ရက်ရှိလျှင် စိုက်မည့်မြေ နေရာသို့ ရွှေ့စိုက်၍ရကာ ခြောက်လရှိလျှင် အပွင့်စတင်ပွင့်ကာ အသီးသီးကြောင်း၊ စိုက်ပျိုးရာတွင် ကိုးပေပတ်လည်စိုက်ပြီး ဖြစ်ထွန်းလာတဲ့ ဒန့်သလွန်ပင်မြင့်ပြီး

ရှည်မသွားစေရန်အတွက် ခေါင်ကိုင်းဖြတ်ပေးရကြောင်း ရေစကြိုမြို့နယ် သံပြားချောင်းကျေးရွာမှ ဒန့်သလွန် ခြောက်ဧကစိုက်ပျိုးထားသည့် တောင်သူတစ်ဦး၏ ပြောကြားချက်အရသိရပါတယ်။ ဒန့်သလွန်ပင်မှထွက်ရှိတဲ့ အသီး၊ အရွက်ကုန်ကြမ်းများကို အဆင့်မြင့်ကုန်ချောထုတ်လုပ်ကာ ပြည်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့မှ ဝယ်လိုအားများလာကြောင်းနှင့် မြို့ကြီးများသို့ ဒန့်သလွန်သီး (အတောင့်) အရေအတွက်နှင့် ရောင်းချနေရကြောင်းသိရပြီး ဒန့်သလွန်သီးတစ်တောင့်လျှင် ငွေကျပ် ၂၀၀ အထက် ရောင်းချနေရကြောင်း ဒန့်သလွန်စိုက်ပျိုးရောင်းချသူတစ်ဦးထံမှသိရပါတယ်။

**Source:Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2593-indian-indigenous-cultures-grow.html

## ဟောင်ကောင်ပို့ကုန်တင်ပို့မှု ၂၀၂၀ ခုနှစ်တွင် ၂ ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ခန့်မှန်းခြင်း

၂၀၂၀ ခုနှစ်တွင် ဟောင်ကောင်၏ ပို့ကုန်တင်ပို့မှုမှာ ၂.၂ ရာခိုင်နှုန်း လျော့ကျ နိုင်ကြောင်း၊ စုစုပေါင်းပို့ကုန်တွင် ၂၀၁၉ ခုနှစ် ပထမ (၁၀)လအတွင်း အမေရိကန်ဈေးကွက်သို့တင်ပို့မှုအား အဆိုးရွားဆုံးထိခိုက်ခဲ့ကြောင်း၊ တရုတ်သို့ တင်ပို့မှု (၆) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ သို့သော် အရှေ့အလယ်ပိုင်းဒေသသို့တင်ပို့မှုမှာ ၂၀၁၈ ခုနှစ်တွင် ၀.၃ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ၂၀၁၉ ခုနှစ်တွင် ၅.၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်က ဟောင်ကောင်မှ အမေရိကန်သို့ တင်ပို့မှု ၈.၁ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၃၅၇ ဘီလီယံ တိုးတက်ခဲ့ပြီး တရုတ်သို့တင်ပို့မှုမှာ ၈.၆ ရာခိုင်နှုန်း တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ ၂.၂၈၇ ထရီလီယံရှိကြောင်း ရေးသားထားပါသည်။ ကုန်သွယ်ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ၊ သုတေသနဌာနမှ ဒါရိုက်တာ Mr. Nicholas Kwan Ka-ming က ပြောကြားရာတွင် တရုတ်နှင့် အမေရိကန် အင်အားကြီးနိုင်ငံ နှစ်နိုင်ငံ၏ ကာလကြာရှည်စွာ ယှဉ်ပြိုင်မှု၏ သက်ရောက်မှုမှ ဆုံးရှုံးမှုအားကာကွယ်ရန် ဟောင်ကောင်ကုမ္ပဏီများအား ဈေးကွက်အသစ်များရှာဖွေရန်နှင့် စီးပွားရေးလုပ်ငန်းများအား တစ်မျိုးထက်မကဆောင်ရွက်ထားရှိရန်၊ တရုတ်နှင့် အမေရိကန် အကြား ကုန်သွယ်ရေးသဘောတူညီချက်အား မကြာခင်လက်မှတ်ထိုးရန် စီစဉ်ထားသော်လည်း မသေချာမရေရာမှုများ ရှိနေကြောင်း၊ တရုတ်နှင့်အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများသည် ကုန်သွယ်ရေးထက်နိုင်ငံရေးပိုင်းနှင့် ပိုမိုဆက်နွယ် သကဲ့သို့ ရှိနေကြောင်း၊ ၂၀၂၀ ခုနှစ်တွင် ဟောင်ကောင်ပို့ကုန်တင်ပို့သူများ၏ ၆၅ ရာခိုင်နှုန်းသည် ၎င်းတို့၏ စုစုပေါင်း ရောင်းချရမှုများ လျော့ကျမည်ဟုခန့်မှန်းထားကြောင်း၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပို့ကုန်တင်ပို့သူ ၅၀၀ ကျော်အား မေးမြန်းခဲ့ရာတွင် ၃ ပုံ ၂ ပုံ ခန့်မှဖြေကြားရာတွင် ၎င်းတို့၏ ရောင်းချရမှုမှာ ၂၀၂၀ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းနိုင် သည် ခန့်မှန်းထားကြောင်း၊ Chinese University's Lau Chor Tak Institute of Global Economic and Finance ၏ Ececutive Director ပါမောက္ခ Terence Chong Tai-leung က ပြောကြားရာတွင် ၂၀၁၉ ခုနှစ်၏အခြေအနေမှာ ဆိုးရွားလျှက်ရှိသော်လည်း ၂၀၂၀ ခုနှစ်တွင် ၂ ရာခိုင်နှုန်းသာ ကျဆင်းမည်ဟု ခန့်မှန်းထားသောကြောင့် ယခုနှစ်လောက်အခြေအနေ ဆိုးရွားနိုင်ခြင်းမရှိကြောင်း၊ သို့သော် ဟောင်ကောင်၏ စီးပွားရေးမှာ ၂၀၂၀ ခုနှစ်တွင် ၅ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်းနှင့် ဟောင်ကောင်ဒေသတွင်း ဆန္ဒပြမှုများကြောင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများအပေါ် ရိုက်ခတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော်အစိုးရမှ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း များအား အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးပေးရန် ဘဏ်များကို တိုက်တွန်းခဲ့မှုကြောင့် ဟောင်ကောင်အစိုးရ၏ အားထုတ်ကြိုးပမ်းပေးမှုအပေါ်ကျေးဇူးတင်ရှိကြောင်း Hong Kong General Chamber of Small and Medium Business ဥက္ကဋ္ဌ Joe Chau Kwok-ming က ပြောကြားခဲ့ကြောင်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် South China Morning Post ၌ Ng Kang-chung ကရေးသားထားပါသည်။

**Source: စီးပွားရေးသံမှူး-ဟောင်ကောင်**

# တရုတ်က သွင်းကုန်စည်းကြပ်ခွန်အား ဇန်နဝါရီလမှစပြီး လျှော့ချပေးမည်




အေးခဲဝက်သားအပါအဝင် ကုန်ပစ္စည်းအမျိုးအစား ၈၅၀ ကျော်အား ပေကျင်းက ဇန်နဝါရီမှစပြီး စည်းကြပ်ခွန်များ လျှော့ချပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၃ တွင် ပြောကြားခဲ့သည်။ တရုတ်ဝက်သားထုတ်လုပ်ရေးလုပ်ငန်းသည် အာဖရိကဝက်အပြင်းဖျားရောဂါကို ဆိုးဆိုးရွားရွားခံစားခဲ့ရပြီး ဝက်ကောင်ရေ တစ်သန်းကျော် သုတ်သင်ရှင်းလင်းခဲ့ရပြီးနောက် ဝက်သားဈေးနှုန်း နှစ်ဆကျော် မြင့်တက်မှုကို ရင်ဆိုင်နေရသည်။

ဇန်နဝါရီ ၁ မှစပြီး အေးခဲဝက်သားကို စည်းကြပ်ခွန် ပြဋ္ဌာန်းမှုအား ၁၂ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြေညာချက်ကဆိုသည်။ ယင်းစည်းကြပ်ခွန်လျှော့ချမှုသည် တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်နှင့်သက်ဆိုင်ဖွယ်မရှိပေ။ သို့သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စည်းကြပ်ခွန်လျှော့ချမှု နှင့်ပတ်သက်ပြီး သတင်းနှစ်ပုဒ်ကို ဒီဇင်ဘာ ၂၃ ရက်က တွစ်တာတွင်တင်ခဲ့ရာ တရုတ် ကုမ္ပဏီများက အမေရိကန်ထံမှ ဝယ်ယူနေသောဝက်သားနှင့် နည်းပညာထုတ်ကုန်များသည် စည်းကြပ်ခွန် လျှော့ချခံရသည့်စာရင်းတွင်ပါဝင်နေသည်။ ပို၍ကျယ်ပြန့်သော သဘောတူညီချက်ကိုရည်မှန်းပြီး အမေရိကန်နှင့်အသေးစား ကုန်သွယ်ရေးသဘောတူညီချက်ကို ယခုလအတွင်းရရှိခဲ့ပြီးနောက် တရုတ်သည်ဈေးကွက်ကို ဖွင့်လှစ်ပေးနေကြောင်း ယခု စည်းကြပ်ခွန် လျှော့ချမှုက ပြသနေသည်ဟု လေ့လာသုံးသပ်သူများကပြောကြားခဲ့သည်။ "ကုန်သွယ်ရေးစစ်ပွဲ ဖြစ်နေချိန်မှာ လွတ်လပ်တဲ့ ကုန်သွယ်မှုကို လိုလားတဲ့ သူ့ရဲ့ ရပ်တည်ချက်ကို ကမ္ဘာကို ပြသဖို့ တရုတ်အစိုးရက ကြိုးပမ်းနေတယ်ဆိုတာ သွင်းကုန်စည်းကြပ်ခွန်လျှော့ချမှုက ထင်ဟပ်နေပါတယ်" ဟု Natixis မှ စီးပွားရေးပညာရှင် ဂယ်ရီင်နက ပြောကြားခဲ့သည်။ စည်းကြပ်ခွန်လျှော့ချမှုက အရည်အသွေးမြင့်မားသော စီးပွားရေးတိုးတက်မှုကို အားပေးမည်ဖြစ်ကြောင်းနှင့် ကုန်သွယ်ရေးဖွဲ့စည်းတည်ဆောက်ပုံကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း နိုင်ငံတော်စည်းကြပ်ခွန်ကော်မရှင်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ငါး၊ ဒိန်ခဲ၊ အခွံမာသီး၊ ဆေးဝါးထုတ်ကုန်များ၊ စမတ်ဖုန်းများအတွက် ပစ္စည်းအစိတ်အပိုင်းများ၊ ဓာတုထုတ်ကုန်များကိုလည်း စည်းကြပ်ခွန်များ လျှော့ချပေးမည်ဖြစ်သည်။

ဝက်သားထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းခန့် လျော့ကျခဲ့မှုကြောင့် တရုတ်အာဏာပိုင်များသည် ၂၀၂၁ ခုနှစ် မတိုင်မီ ဝက်သားထုတ်လုပ်မှုကို အာဖရိကဝက်အပြင်းဖျား ရောဂါဖြစ်ပွားမှု မတိုင်မီကာလ ထုတ်လုပ်မှုသို့ ပြန်လည်ရောက်ရှိရန် အစီအစဉ်ချမှတ် ဆောင်ရွက်နေသည်။ တရုတ်တွင် အသားတင်သွင်းမှုသည် နိုဝင်ဘာလက စံချိန်တင်မြင့်တက်ခဲ့ပြီး ဝက်သားတင်သွင်းမှုသည် ယခင်တစ်နှစ်ကထက် ၁၅၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Bloomberg News က ဖော်ပြခဲ့သည်။ ဇူလိုင် ၁ မှစပြီး နည်းပညာထုတ်ကုန်များအား စည်းကြပ်ခွန် ထပ်မံလျှော့ချပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Source:** https://news-eleven.com/article/150796

# STOCK EXCHANGE (24.12.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 24th Dec. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,500 | 11,500 | 11,500 | 1,376 | 15,824,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 3,568 | 13,569,850 | 38,929,150 | 149,877 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 9 | 73,800 | 10,400,986 | 85,288 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 205 | 4,612,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,950 | +50 | +1.72% | 2,900 | 2,950 | 2,900 | 249 | 722,150 | 12,823,224 | 37,829 |

## Market summary

As of 24th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 467.69 | +11.79 | +2.59% | 465.80 | 467.69 | 465.80 | 5,407 | 34,802,300 | 5 | 640,412 |

### Index chart




# Market Overview

As of 12:00 pm, 24th Dec. 2019

| MYANPIX | 467.22 ▲ 11.32 |
|---|---|
| Total Volume (shares) | 5,371 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 639,770 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |